# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 18, 2020 | Volume 35, Number 14

| | |
|---|---|
| ၁၈.၉.၂၀၂၀ | |
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၃ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၃၁/- ကျပ် |
| CBM Rate | = ၁၃၂၂.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၈.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၅.၃၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၁၇.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၇.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၇၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၀၀၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၀.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၅၈၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## COVID-19 ကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် လုပ်သားရှားပါးမှုနှင့် တရုတ်နိုင်ငံနယ်စပ်ဂိတ်များ ပိတ်ထားမှုကြောင့် ပို့ကုန်ကဏ္ဍတွင် အသုံးပြုသည့်ကုန်ကြမ်းရရှိနိုင်ရေး အခက်အခဲများကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် သုညဒသမ ၂ ရာခိုင်နှုန်း ကျဆင်းမည်ဟုခန့်မှန်း



ကုန်ထုတ်လုပ်မှုကဏ္ဍတွင် COVID-19 ကြောင့် လုပ်သားရှားပါးမှုနှင့် တရုတ်နိုင်ငံနယ်စပ်ဂိတ်များ ပိတ်ထားမှုကြောင့် ပို့ကုန်ကဏ္ဍတွင် အသုံးပြုသည့်ကုန်ကြမ်းများ ရရှိနိုင်ရေးအခက်အခဲများကြောင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွက် သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားမည်ဟု ခန့်မှန်းထားကြောင်း ICAEW မှ ထုတ်ပြန်ထားသည်။ ၂၀၂၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှ၏ GDP သည် ၄ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားနိုင်ကြောင်း၊ COVID-19 သည် အရှေ့တောင်အာရှဒေသအတွက် ၁၉၉၇ ခုနှစ် အာရှစီးပွားရေးနောက်ပိုင်း အကြီးမားဆုံး ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခြင်းကို ဖြစ်စေခဲ့သည်။ အစီရင်ခံစာသစ်အရ ၂၀၂၀ ပြည့်နှစ်တွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုသည် ၄ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းသွားနိုင်သည်ဟု ခန့်မှန်းထားကြသည်။

COVID-19 ကပ်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ GDP အား ၂၀၂၀ ပြည့်နှစ်၏ ခြောက်လပတ်တွင် ကိုးရာခိုင်နှုန်းအထိ လျော့ကျသွားစေပြီး ၂၀၀၇ -၂၀၀၉ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းထက် အနည်းဆုံးသုံးဆခန့် ပိုမိုပြင်းထန်ခဲ့သည်ဟု ဆိုသည်။ ၂၀၂၀ ပြည့်နှစ် တတိယသုံးလပတ်တွင် အားကောင်းသည့်ပြန်လည် လည်ပတ်မှုများ ရှိလာပြီး ၆ ဒသမ ၄ ရာခိုင်နှုန်းအထိ ပြန်လည်တိုးတက်လာမည်ဖြစ်သော်လည်း အစီရင်ခံစာကမူ ၂၀၂၀ တစ်ခုလုံးအတွက် ကမ္ဘာလုံးဆိုင်ရာ GDP သည် ၄ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းသွားမည်ဟု ဆိုထားသည်။

သို့သော် ၂၀၂၀ ပြည့်နှစ် ဒုတိယခြောက်လပတ်တွင် ပြန်လည်တည်ဆောက်မှုများ အရှိန်ပြန်ရလာပြီး ၂၀၂၁ ခုနှစ်တွင် တိုးတက်မှုနှုန်းအား ၅ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိလာစေမည်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးသည် မကြာမီပြန်လည်ဦးမော့လာပြီး ၂၀၂၁ ခုနှစ် နှစ်လည်တွင် ကပ်ရောဂါမဖြစ်မီ အမြင့်ဆုံးအမှတ်သို့ ပြန်လည်ရောက်ရှိလာမည်ဟု ခန့်မှန်းထားသည်။ ၂၀၀၈ ခုနှစ် စီးပွားရေး အကျပ်အတည်းကာလ ပြန်လည်နာလည်ထလာသည့် အချိန်နှင့်တူညီသည့် ကာလအတွင်းမှာပင် ပြန်လည်နာလန်ထူလာနိုင်ခြင်း ဖြစ်သည်။ သို့သော် စီးပွားရေးလုပ်ဆောင်ချက်များ ပြန်လည်နာလည်ထလာမှု၏ အားကောင်းမှုသည် အရှေ့တောင်အာရှဒေသအတွက် ဆက်လက်၍ မတည်မငြိမ်ဖြစ်နေဦးမည်ဖြစ်သည်။ အထူးသဖြင့် ၂၀၂၀ ဒုတိယသုံးလပတ်တွင် အစောပိုင်းကာလများက ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုပြန်လည်အားကောင်းလာပြီး ဒေသတွင်းကန့်သတ်မှုများ ဖြေလျှော့ပေးပြီးနောက် စီးပွားရေးပြန်လည်လည်ပတ်မှုများရှိလာမည်ဟု ခန့်မှန်းထားကြသော်လည်း ၎င်းကာလအတွင်းတွင် မသေချာမရေရာမှုများ ကြီးကြီးမားမား ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဒုတိယခြောက်လပတ်အတွင်း စီးပွားရေးပြန်လည်နာလန်ထူမှုနှုန်းသည် ဒေသအပေါ်မူတည်၍ ကွာခြားချက်များရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ GDP အား ကမ္ဘာ့ဘဏ်မှ ၂၀၂၀ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်းအထိ ပြန်လည်တိုးတက်လာမည်ဟု ခန့်မှန်းထားသော်လည်း စိုးရိမ်နေသည့်စားသုံးသူများ၏ အမူအကျင့်နှင့်ခရီးသွားလာမှုကန့်သတ်ချက်များက ဝန်ဆောင်မှုကဏ္ဍအပါအဝင် ကဏ္ဍအများအပြားအား ထိခိုက်မှုများ ဆက်လက်ရှိနေစေမည်ဖြစ်သကဲ့သို့ တိုးတက်မှုနှုန်းအားလည်း တစ်ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်သည်ဟု ခန့်မှန်းထားသည်။ သို့သော် တိုင်းပြည်စီးပွားရေး၏ ၂၂ ရာခိုင်နှုန်းအား ကိုယ်စားပြုသည့် စိုက်ပျိုးရေးကဏ္ဍတွင်မူ အားကောင်းမှုများ ဆက်ရှိနေပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ကျဆင်းမှုအနည်းငယ်ရှိသော်လည်း စိုက်ပျိုးရေးတွင် ပုံမှန်လည်ပတ်နေသောကြောင့် ၀ ဒသမ ၇ ရာခိုင်နှုန်းသာ ကျဆင်းမှုရှိမည်ဟု ခန့်မှန်းထားသည်။

နိုင်ငံစီးပွားရေး၏ ၃၆ ရာခိုင်နှုန်းအား လွှမ်းခြုံထားသည့် ကုန်ထုတ်လုပ်မှုကတွင် COVID-19 ကြောင့် လုပ်သားရှားပါးမှုနှင့် တရုတ်နိုင်ငံနယ်စပ်ဂိတ်များပိတ်ထားမှုကြောင့် ပို့ကုန်ကဏ္ဍတွင် အသုံးပြုသည့် ကုန်ကြမ်းများရရှိနိုင်ရေး အခက်အခဲများကြောင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၀ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။ ICAEW သည် Chartered Accountants Worldwide ကွန်ရက်၏အဖွဲ့ဝင် တစ်ခုဖြစ်ပြီး Chartered Accountants Worldwide သည် နိုင်ငံပေါင်း ၁၉၀ မှ အဖွဲ့ဝင်ပေါင်း ၇၅၀၀၀၀ ပါဝင်သည့် ကွန်ရက်တစ်ခုဖြစ်ကာ လက်မှတ်ရစာရင်းကိုင်များ၏ ကျွမ်းကျင်မှုများအား ကမ္ဘာအနှံ့ မြှင့်တင်ပေးနေသည့် အဖွဲ့အစည်းလည်းဖြစ်သည်။

**Source:** https://news-eleven.com/article/192791

## တာချီလိတ်-မယ်ဆိုင်နယ်စပ်တွင် တစ်ရက်လျှင် ကုန်တင်ယာဉ်ခြောက်စီးသာ အပြန်အလှန်သွားလာခွင့်ပြု

COVID-19 ဖြစ်ပွားမှုမြင့်တက်နေသည့် အကြောင်းပြချက်ဖြင့် ထိုင်းနိုင်ငံက တာချီလိတ်-မယ်ဆိုင်မှ ကုန်ပစ္စည်းသယ်ယူသည့် ယာဉ်အစီးရေကို ကန့်သတ်လိုက်သည်။ စက်တင်ဘာ ၁၇ ရက်ကစ၍ မြန်မာဘက်မှ ကုန်တင်ယာဉ်နှင့် ယာဉ်မောင်းများအား မယ်ဆိုင်ဘက်သို့ ဝင်ရောက်ခွင့်ကန့်သတ်မှုကြောင့် တာချီလိတ်ဘက်မှလည်း ထိုင်းကုန်တင်ယာဉ်နှင့် ယာဉ်မောင်းများအား ပြန်လည်ကန့်သတ်ခဲ့၍ တစ်ရက်လျှင် ကုန် တင်ယာဉ် ခြောက်စီးသာ ခွင့်ပြုတော့မည်ဖြစ်သည်။ “တာချီလိတ်မှာ ထိုင်းနိုင်ငံနဲ့ အမှတ်(၁)နဲ့အမှတ်(၂) ချစ်ကြည် ရေးတံတားနှစ်ခုရှိတယ်။ အမှတ် (၁) တံတားကို COVID စဖြစ်စဉ်ကတည်းက လူသွားလူလာများလို့ နှစ်နိုင်ငံညှိနှိုင်းပိတ်ထားခဲ့ တာ။ အမှတ်(၂) တံတားကတော့ ကုန်စည်ကူးသန်းဖို့အတွက် ဖွင့်ထားတယ်။ ဒါပေမဲ့ အခု ထိုင်းက ယာဉ်အစီးရေ ခြောက်စီးသာခွင့်ပြုတယ်။ ဒီအတွက် ကျွန်တော်တို့ဘက်ကလည်း ရောဂါထိန်းချုပ်ရေးအတွက် သူတို့ဘက်က ကုန်တင်ယာဉ်ခြောက်စီးပဲခွင့်ပြုမယ်” ဟု တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ပြောကြားသည်။ အဆိုပါ တံတားပေါ်၌ပင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက် အပြောင်းအလဲပြုလုပ်ရမည်ဖြစ်ကာ သတ်မှတ်နေရာများတွင် နေ ထိုင်ရေး စီစဉ်ထားပြီးဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

အဆိုပါအစီအစဉ်ကြောင့် ထိုင်းနိုင်ငံ၏ အခြေခံကုန်ပစ္စည်းများကို ဝယ်ယူနေသည့် တာချီလိတ်မြို့နှင့် နီးစပ်ရာဒေသတွင် ကုန်ပစ္စည်းမပြတ်လပ်ရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး ဦးစားပေးဆောင်ရွက်မည်ဟုဆိုသည်။ ‘‘မနေ့က ခရိုင်ထွေအုပ်ရုံးမှာ အစည်းအဝေးလုပ်တယ်။ ထိုင်းနိုင်ငံက COVID အကြောင်းပြပြီး တစ်ဖက်သတ် စပိတ်တာပေါ့။ ဒီအတွက် ကျွန်တော်တို့ကလည်း ညှိနှိုင်းလုပ်ဖို့လိုတယ်ဆိုတာအကြောင်းပြန်တယ်။ ဒါကြောင့် သူ တို့ဘက်က ဝင်ခွင့်ကိုလည်းတူညီအောင်လုပ်တယ်။ ရေရှည်မှာ သူတို့လည်း မခံနိုင်လောက်ဘူး။ ဒီဘက်ကလည်း အဆင်ပြေဖို့မရှိ ဘူး’’ဟု တာချီလိတ်ဒေသခံ စီးပွားရေးလုပ်ငန်းရှင် ဦးကြည်မြင့်ကပြောသည်။

သတ်မှတ်ယာဉ်ခြောက်စီးတွင် အခြေခံစားသောက်ကုန်များကို ဦးစားပေးသယ်ဆောင်ရမည်ဖြစ်ရာ ဆောက်လုပ်ရေးပစ္စည်းများဖြစ်သည့် ထိုင်းနိုင်ငံထုတ် ဘိလပ်မြေ၊ သံချောင်းစသည်တို့ ပြတ်လပ်မှုရှိလာနိုင်သောကြောင့် လုပ်ငန်းများရပ်နားနိုင်ကာ အခြေ ခံလုပ်သားများအလုပ်အကိုင်ဆုံး ရှုံးမှုဖြစ်ပေါ်နိုင်သည်ဟု ၎င်းကသုံးသပ်သည်။ တာချီလိတ်-မယ်ဆိုင် ချစ် ကြည်ရေးတံတား(၂)မှ ယခင်က တစ်ရက်လျှင် ကုန်အစီးရေ ၂၀၀ ကျော် ကူးသန်းရောင်းဝယ်မှုရှိခဲ့သည်။ ‘‘ကြားတာတော့ ကြားတယ်။ ဒါပေမဲ့ အခုက ပြည်တွင်း ကုန်စည်ပို့ဆောင်ရေးဘက်ကိုပဲ အာရုံစိုက်နေရတယ်။ အပြည့်အစုံမသိရသေးဘူး’’ဟု ရှမ်းပြည် နယ်အဝေးပြေးကုန်စည်ပို့ဆောင် ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သိန်းကပြောသည်။

ယခုဘဏ္ဍာနှစ် ဇူလိုင်လကုန်အထိ တာချီလိတ် နယ်စပ် ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံနှင့်ကုန်သွယ်မှုအရ ပို့ကုန်အမေရိကန်ဒေါ်လာ ၆၂ သန်းကျော်ရှိပြီး သွင်းကုန် ကန်ဒေါ်လာ ၆၅ သန်းခန့်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**Source:** https://7day.news/detail?id=199438

## မြန်မာ့ကော်ဖီ ပြည်ပ ဝယ်ယူမှု ၅၀ ရာခိုင်နှုန်းခန့် ကျဆင်းဖွယ်ရှိ



မြန်မာ့ကော်ဖီများ၏ အဓိကပြည်ပဈေးကွက်များဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများတွင် ကိုဗစ်ရောဂါကူးစက်ပြန့်ပွားမှုမြင့်တက်နေမှုများကြောင့် လာမည့်နှစ် ကော်ဖီတင်ပို့ချိန်ကာလတွင် ၅၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားနိုင်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါပိုး စတင်တွေ့ရှိခဲ့သော ပထမလှိုင်းအစ မတ်လ တွင် မြန်မာ့ကော်ဖီ တင်ပို့မှုသည် အနည်းငယ်သာ ကျဆင်းသွားခဲ့ပြီး လာမည့်နှစ် ကော်ဖီခူးဆွတ်ပြီး တင်ပို့မည့် အချိန်၂၀၂၁ မတ်လ တွင်မူ ကမ္ဘာ့ဈေးကွက်တွင်လည်း ကော်ဖီဝယ်လိုအား ကျဆင်းနေခြင်းကြောင့် မြန်မာ့ကော်ဖီတင်ပို့မှုသည် သိသိသာသာကျဆင်းနိုင်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးမျိုးအေးက ရော၀တီသို့ပြောသည်။ ၎င်းက “ပထမလှိုင်းအစမှာက မူလ အမှာစာတွေရှိထားတာဆိုတော့ သိပ်ပြီးအများကြီးလျော့မသွားဘူး။ လာမည့်နှစ်အတွက်ကတော့ ဟိုဘက်က ဝယ်လိုအားအပေါ်မူတည်ပြီး ကျတာမကျတာက ဖြစ်သွားမှာပေါ့”ဟုဆိုသည်။ လက်ရှိအချိန်တွင် ကိုဗစ်ရောဂါကြောင့် မြန်မာ့ကော်ဖီ ပြည်ပတင်ပို့မှုထက် ပြည်တွင်းကော်ဖီဆိုင်လုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုသည် ပို၍ကြီးမားပြီး ထိုလုပ်ငန်းများ၏ ဝင်ငွေသည် ၇၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း ဦးမျိုးအေးကပြောသည်။

မြန်မာ့ကော်ဖီ တင်ပို့မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် မက်ထရစ် တန်ချိန် ၃၀၀ ကျော်သာ တင်ပို့နိုင်ခဲ့ရာမှ ယခုနှစ်ပိုင်းများတွင် ကော်ဖီတင်ပို့မှုသည် ဆက်တိုက်မြင့်တက်ခဲ့ပြီး မက်ထရစ်တန်ချိန် ၈၀၀ ကျော်မှ ၁၀၀၀ ခန့်အထိ တင်ပို့ထားနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းကသိရသည်။ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်မှ ကော်ဖီစိုက်တောင်သူ ဒေါ်အဏ္ဏာ၀ါဖြိုးက “ပြီးခဲ့တဲ့နှစ်တွေကဆိုရင် ထွက်သလောက် ဘယ်နှစ်တန်ဖြစ်ဖြစ်ဝယ်တာ။ အခု ကိုဗစ်ဖြစ်တော့ အခု ၃ တန်လောက် ကျန်သေးတယ်။ မရောင်းရတာ ပိုက်ဆံကလည်း အရစ်ကျသဘောမျိုးနဲ့ပဲ ရှင်းပေးနေတာ” ဟု ရော၀တီသို့ပြောသည်။

ထို့ပြင် ယခင်နှစ်များက ယခုချိန်လိုမျိုးတွင် ပြည်ပ ကုမ္ပဏီများထံမှ အမှာစာများ လက်ခံရရှိသည့် ကာလဖြစ်ပြီး ယခုနှစ်တွင်မူ ကိုဗစ်ကြောင့် အမှာစာတခုမျှ လက်ခံရရှိထားခြင်းမရှိသေးကြောင်း ၎င်းကဆိုသည်။ ၎င်းသည် ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်မှ ကော်ဖီစိုက်ပျိုးသော ရွာ ၇ ရွာမှ ကော်ဖီစိုက်တောင်သူများ ပူးပေါင်းတည်ထောင် ထားသော Indigo Mountain Coffee ကုမ္ပဏီမှ တာဝန်ရှိသူတဦးဖြစ်ပြီး ၎င်းတို့ကုမ္ပဏီသည် နှစ်စဉ်ကော်ဖီတန်ချိန် ၁၆ တန်ခန့် ပြည်ပသို့ တင်ပို့ရောင်းချနေရသော ကုမ္ပဏီတခုဖြစ်သည်။

မြန်မာ့ကော်ဖီကို ရှမ်းပြည်နယ်( ရွာငံ၊ ဟိုပုံး၊ နောင်ချို )၊ မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်၊ မိုးကုတ်မြို့များတွင် အဓိက စိုက်ပျိုးလျက်ရှိပြီး ကရင်ပြည်နယ် သံတောင်ကြီးတွင်လည်း မြေပြန့်ကော်ဖီ အမျိုးအစားများကို အနည်းငယ်စိုက်ပျိုးလျက် ရှိကာ တနိုင်ငံလုံးတွင် ကော်ဖီ စိုက်ဧကပေါင်း ၅ သောင်း ကျော်အထိရှိလာကြောင်းသိရသည်။

လက်ရှိအချိန်တွင် မြန်မာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှုတွင် တောင်တန်းဒေသများတွင်သာ စိုက်ပျိုးသော အရည်အသွေးမြင့်၊ ဈေးကောင်းရရှိသော Arabica ကော်ဖီအမျိုးအစားကို ၉၀ ရာခိုင်နှုန်းအထိ စိုက်ပျိုးထုတ်လုပ်ပြီး ကော်ဖီအထွက်များသော ဈေးနိမ့်၊ မြေပြန့်ကော်ဖီ အမျိုးအစား (Robusta) ၁၀ ရာခိုင်နှုန်းသာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ လက်ရှိအချိန်တွင် ကိုဗစ်ကြောင့် မြန်မာ့ကော်ဖီ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းဈေးကွက်အခြေအနေများသည် ယခင်က ထက် ၅၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း ဉာဏ်ကြီးရှင်ကော်ဖီလုပ်ငန်းရှင် ဦးငွေထွန်းကပြောသည်။ ၎င်းက “ကျနော်တို့ဆိုရင် ကိုဗစ် ပထမလှိုင်းပြီးရင်တော့ ပြန်ကောင်းမယ်ဆိုပြီး တောင်သူတွေဆီက ကော်ဖီတွေကို ဝယ် ထားခဲ့တာပေါ့။ အဲဒါကလည်း ကျနော်တို့ အမှား မဟုတ်ဘူး။ တောင်သူတွေကို အဲဒီလိုမှ မဟုတ်ရင် သူတို့ဆီက ဘယ် သူမှ လာဝယ်မှာမဟုတ်ဘူး။ သူတို့ကို ကူချင်လို့ ဝယ်လိုက်တာပေါ့။ အဲဒီတော့ ကျနော်တို့ဆီမှာ ကုန်ကြမ်းတွေ အများကြီး ဖြစ်သွားတာပေါ့” ဟု ဆိုသည်။

ထို့ကြောင့် ဉာဏ်ကြီးရှင် ကော်ဖီလုပ်ငန်းအနေဖြင့် လှော်ပြီးသားကော်ဖီများကို တဝက်ဈေးနှုန်းဖြင့် ရောင်းချမည့် အစီအစဉ်တခုကို အကောင်အထည်ဖော်ပြီး ငွေပေါ်ကာ လုပ်ငန်းဆက်ရပ်တည်နိုင်ရေးအတွက် လုပ်ဆောင်လျက်ရှိသည်။ ဦးငွေထွန်းက “ကျနော်တို့က ဝင်ငွေတခုရလာရင် ကျနော်တို့မှာ ရှိနေတဲ့ ကုန်ကျစရိတ်တွေကို ပေးနိုင်မယ်၊ လစာတွေ ပေးနိုင်မယ်ပေါ့။ SME တွေနဲ့အနေဖြင့် ဈေးကိုလျှော့မယ်၊ စားသုံးသူကို တိုက်ရိုက်ရောင်းမယ်ဆိုတဲ့စနစ်မျိုးကို လုပ်မယ်ဆိုရင် အဆင်ပြေနိုင်မယ်ထင်လို့ ဒီနည်းကို စသုံးကြည့်တာပါ” ဟု ပြောသည်။

မြန်မာ့ Arabica ကော်ဖီများသည် ပြည်ပဈေးကွက်တွင် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ မှ တသောင်းအထိရှိပြီး မြေပြန့်ဒေသများတွင် စိုက်ပျိုးသောကော်ဖီများ၏ ဈေးနှုန်းသည် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ဝန်းကျင်ရရှိပြီး အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံများကို အဓိကတင်ပို့ရောင်းချလျက်ရှိကာ ဂျပန်၊ တောင်ကိုရီးယားနှင့် ဒေသတွင်းနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံခန့်ကို တင်ပို့ရောင်းချလျက်ရှိသည်။

**Source:** https://burma.irrawaddy.com/news/2020/09/17/230060.html

## ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထီးခီးသို့ ဆက်သွယ်ဖောက်လုပ်မည့်ကားလမ်းစီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှုပြီးစီး




ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်းနယ်စပ် (ထီးခီး)သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်းစီမံကိန်း ဖောက်လုပ်ရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှုပြီးစီးပြီဖြစ်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှသိရသည်။ “ဒီနှစ်လမ်းသွား ကားလမ်းစီမံကိန်း ဖောက်လုပ်ရေးနဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံ NEDA နဲ့ ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းတွေက တိုးတက်နေပြီဖြစ်ပါတယ်။ ဒါ့ပြင် မြန်မာ-ထိုင်း၊ ဂျပန် သုံးနိုင်ငံပူးပေါင်းပြီး ဒေသခံတွေနဲ့ မြန်မာနိုင်ငံက နှစ်ပေါင်းများစွာ စောင့် ဆိုင်းနေခဲ့ရတဲ့ ဒီစီမံကိန်းကို အမြန်ဆုံးဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အဆိုပါ နှစ်လမ်းသွားကားလမ်း ဖောက်လုပ်ရန်အတွက် ပြည်ထောင်စုလွှတ်တော်က

အတည်ပြုထားပြီးဖြစ်သည့် ချေးငွေထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံရရှိ ရေးအတွက်လည်း ထိုင်းနိုင်ငံ NEDA (Neighbouring Countries Economic Development Cooperation Agency) နှင့် ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ စီမံကိန်းကို ၂၀၂၃ ခုနှစ်တွင်ပြီးစီးရန် ရည်ရွယ်ထားကြောင်းသိရသည်။ ထို့ပြင် မြန်မာဘက်က ထားဝယ်အထူး စီးပွားရေးဇုန်စီမံကိန်းတွင် ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံအစိုးရအဆင့် ပူးပေါင်းဆောင်ရွက်မှုအစီစဉ်တွင် ဂျပန်နိုင်ငံအစိုးရက တရားဝင် ပူးပေါင်းဆောင်ရွက်လာရန်တိုက်တွန်းထားပြီး မြန်မာ-ထိုင်း-ဂျပန် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထားဝယ်အထူး စီးပွားရေးဇုန်စီမံကိန်းကို အောင်မြင်စွာအကောင်ထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် ထားဝယ်အထူး စီးပွားရေးဇုန်ဆိုင်ရာ Strategic Environment Assessment လုပ်ငန်းကို ဂျပန်နိုင်ငံက နည်းပညာနှင့်ကျွမ်းကျင်မှုအကူအညီ ပေးမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://pyimyanmarnews.com/23pmm1792020/?fbclid=IwAR09XsdkLrR8LnO-doNqMgqf9VMA0dZ5GQ Cfy LVDW4PepU8diOsDF8Tocmk

## စီးပွားရေးလုပ်ငန်းကဏ္ဍလေးခု တိုးတက်စေရန် အဓိကဆောင်ရွက်မည်




ကိုဗစ်ကြောင့် စီးပွားရေးသက်ရောက်မှုများကိုတုံ့ပြန်ရန် စီးပွားရေး လုပ်ငန်းကဏ္ဍလေးခုကို အဓိကဆောင်ရွက်သွားမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဦးသောင်းထွန်းကပြောသည်။ စက်တင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူ ချောမွေ့စေရေးကော်မတီ (Investment Promotion Committee-IPC) အစည်းအဝေးကို ကျင်းပဆွေးနွေးခဲ့သည်။

စက်မှုဇုန်တည်ထောင်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ် လုပ်မှု ကွင်းဆက်၊ ကျန်းမာရေးနှင့်ဆက်စပ်သော ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်လုပ်ငန်းများ အဓိကတိုးတက်စေရန်ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာ စေရန် ဆောင်ရွက်မည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဦးသောင်းထွန်းက ပြောသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှု၏ သက်ရောက်မှုအဖြစ် အနာဂတ်တွင် မြန်မာနိုင်ငံအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ထိခိုက်နိုင်ကြောင်း စက်တင်ဘာ ၁၅ ရက်တွင်ထုတ်ပြန်ခဲ့သည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာ၌ သတိပေးထားသည်။ ထို့ပြင် လက်ရှိအခြေအနေများအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း (Myanmar Investment Promotion Plan-MIPP) များကို ပြန်လည်သုံးသပ်ရန်ဆောင်ရွက်သွားမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ ဦးသောင်းထွန်းကပြောသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း(Myanmar Investment Promotion Plan-MIPP) သည် ၂၀၁၆-၁၇ ဘဏ္ဍာ နှစ်မှ ၂၀၃၅-၃၆ ဘဏ္ဍာနှစ်အထိ ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာနှင့် အကောင်အထည်ဖော်မည့်လုပ်ငန်းအစီအစဉ်များကို ရေးဆွဲထားသော နှစ်ရှည်စီမံကိန်းတစ်ရပ်ဖြစ်သည်။ အဆိုပါစီမံကိန်းကို ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေ ရေးကော်မတီ (Investment Promotion Committee-IPC) က အဓိကဦးဆောင်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ကိုဗစ်ဖြစ်ပွားနေသော်လည်း ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် လျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍ၊ အိမ်ခြံမြေ ဖွံ့ဖြိုးရေးကဏ္ဍနှင့်ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှုအားကောင်းခြင်းကြောင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၅ ဒသမ ၃ ဘီလျံ ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက်ပိုမိုရရှိခဲ့သည်။

**Source:** မြန်မာတိုင်းမ်နေ့စဉ်

https://www.facebook.com/sitepyo/

## စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်အတွင်းရှိ ကွမ်းစိုက်တောင်သူများ ကွမ်းရွက်ဈေးကျဆင်းနေသဖြင့် ဝင်ငွေနည်းပါး



စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်အတွင်းရှိ ကွမ်းစိုက်တောင်သူများသည် ယခုကာလအတွင်း ကွမ်းရွက်ဈေးများကျဆင်းနေခြင်းကြောင့် ကွမ်းရွက်စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် ကွမ်းခြံပိုင်ရှင်များ ဝင်ငွေကျဆင်းလျက်ရှိသည်။ ယခုနှစ်နှစ်ဦးပိုင်းမှစ၍ ယခုဇူလိုင်လအထိ ကွမ်းရွက်ဈေးပုံမှန်ရှိခဲ့ရာမှ ပြီးခဲ့သည့်ဩဂုတ်လမှစ၍ ကွမ်းရွက်ဈေးမှာ၊ တစ်ဖြေးဖြေးကျဆင်းလာရာ ယနေ့ရက်များတွင် (ဒိုင်သွင်းဈေး) တစ်ပိသာလျှင်ငွေ ကျပ်(၇၀၀) ဈေးသာရရှိကာ ကွမ်းခြံလုပ်ငန်းမှာ ရင်းနှီးရသည့် ငွေကြေးများပြားပြီး ခြံရင်းနှီးရခြင်း၊ အလုပ်သမားများအတွက် လုပ်အားခပေးရခြင်းနှင့် ဆေးဝါးသုံးစွဲရခြင်းတို့ရှိတာကြောင့် ခြံအတွင်းစိုက်ပျိုးထားသည့် ကွမ်းခြံမှာပင် (၁၅) ရက် တစ်ကြိမ်ခူးယူရပြီး ပိဿာ (၃၀) ခန့်ရရှိကာ တစ်လဝင်ငွေ (၄၀၀၀၀) ကျပ်သာရရှိ၍ အပိုငွေ အကျိုးအမြတ် အလွန်နည်းပါးလျက်ရှိတယ်လို့ မြင်းမူမြို့၊ အသောကရပ်ကွက်မှ ကွမ်းခြံစိုက်ပျိုးလုပ်ကိုင်သူများ ပြောကြားချက်အရသိရသည်။

မြင်းမူမြို့နယ်အတွင်း ကွမ်းရွက်စိုက်ပျိုးလုပ်ကိုင်နေသည့် ကွမ်းခြံ (ခြံကြီး၊ခြံသေး) ပေါင်း(၂၀၀၀)ခန့်ရှိပြီး ကွမ်းရွက်ဈေးဆက်လက်ကျဆင်းလာမှာကို ကွမ်းခြံစိုက်ပျိုး လုပ်ကိုင်နေသူများ စိုးရိမ်လျက်ရှိကြသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/

## ကိုရီးယားနိုင်ငံမှ အရေးပေါ် အရန်ဆန်ဝယ်ယူရန် ကမ်းလှမ်းလာပါက ရောင်းချပေးမည်

ကိုရီးယားနိုင်ငံမှ အရေးပေါ်အရန်ဆန်ဝယ်ယူရန် ကမ်းလှမ်းလာပါက ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။ သို့သော် လက်ရှိအချိန်ထိ ဆန်ဝယ်ယူရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ တရားဝင်အကြောင်းကြားမှုမရှိသေးကြောင်း သိရသည်။ "မြန်မာနိုင်ငံကို တရားဝင် အကြောင်းကြား လာတာ မတွေ့ရသေးဘူး။ အကြောင်း ကြားရင်လည်း ကြားမှာပါ။ အခုဟာက သတင်းထွက်တာတော့ ဒီရက်ပိုင်းမှာပဲ သတင်းစာတွေမှာ ပြောလာတာတွေ တွေ့ရတာပေါ့။ တရားဝင်ဆွေးနွေးတဲ့ အနေအထားတော့ မရှိသေးဘူး။ ကျွန်တော်တို့ကတော့ ဝယ်ချင်တယ်ဆို ရောင်းပေးမှာပါ" ဟု မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

ကိုရီးယားနိုင်ငံအစိုးရအနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်အလားအလာရှိသည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အရေးပေါ်အရန်ဆန်ထားရှိရန် ယခုနှစ်အတွက် နှစ်စဉ်ဆန်ဝယ်ယူမှုကို ယခုနှစ်စက်တင်ဘာလ တတိယပတ်အတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအစီအစဉ်တွင် ယခုနှစ်ကုန်ပိုင်း၌ အရန်ဆန်အဖြစ်ထားရှိနိုင်ရေး ဆန်တန်ချိန် (၃၄၀,၀၀၀) ခန့်နှင့် ပြည်ပအထောက်အပံ့များအတွက် ဆန်တန်ချိန် (၁၀,၀၀၀) ခန့်ကို ဝယ်ယူသွားမည်ဖြစ်ကြောင်း ကိုရီးယားနိုင်ငံ လယ်ယာစိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့်ကျေးလက်ဒေသရေးရာဝန်ကြီးဌာန (Ministry of Agriculture, Foods & Rural Affairs of Korea) ၏ ထုတ်ပြန်ချက်များအရသိရသည်။

ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် နိုင်ငံအတွင်း၌ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်နှင့်စားနပ်ရိက္ခာအကျပ်အတည်းများတွေ့ကြုံရလျှင် စားနပ်ရိက္ခာအတွက် ပြည်သူများ ဘေးဒုက္ခမကြုံတွေ့စေရေးအတွက် အဓိကလိုအပ်သော ကောက်ပဲသီးနှံများကို အရေးပေါ် အရန်စနစ်ကျင့်သုံး၍ သိုလှောင်ကြကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/53320

## မြန်မာနိုင်ငံတွင် ကြံရာသီ၌ ကြံတန်ချိန် ၁၀သိန်းခန့်လျော့ကျနိုင်



မြန်မာနိုင်ငံတွင် ကြံစိုက်ဧကလျော့ကျ၍ ကြံထွက်ရှိမှုလျော့နည်းကာ ကြံတန်ချိန် ၁၀ သိန်းခန့်လျော့ကျနိုင်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းထံမှသိရသည်။ ပြီးခဲ့သည့် ၂၀၁၉-၂၀၂၀ကြံရာသီတွင် သကြားဈေးကွက်ပျက်ခဲ့ပြီး သကြားဈေးကျဆင်းသဖြင့် သကြားစက်ရုံများနှင့်ကြံစိုက်တောင်သူများ တွက်ခြေမကိုက်ခဲ့သည့်အတွက် လက်ရှိကြံရာသီတွင် ကြံစိုက်ဧက၅သောင်းခန့်လျော့ကျသွားနိုင်ကာ ကြံထွက်ရှိမှုတန်ချိန်မှာလည်း ၁၀ သိန်းခန့်လျော့ကျသွားနိုင်ကြောင်းသိရသည်။ "ဒီနှစ် ကြိုတင်စာချုပ်ဖို့ကောက်တဲ့ကြံကတော်တော်နည်းတယ်။ သကြားစက်ကြီးတွေဖြစ်တဲ့ဂရိတ်ဝေါဝေမာဆိုရင် မနှစ်ကကြံတန်ချိန် ၁၀သိန်းလောက်စာချုပ်ပေမယ့် ဒီနှစ်၇သိန်းလောက်ပဲ ရှိတယ်။ လာမယ့်အိန္ဒိယ၊ ဘရာဇီးနဲ့ထိုင်းနိုင်ငံတွေရဲ့အခြေအနေအရ ကမ္ဘာ့သကြားဈေးကပြန်တက်နိုင်တဲ့အခြေအနေရှိတယ်။ သကြားစက်တွေက အလားအလာမျှော်မှန်းပြီး ဒီနှစ်ကြံအရေအတွက်ကိုရအောင် မနှစ်ကထက်တော့ မနိမ့်တဲ့ဈေးနဲ့ဝယ်မယ်။ ကြံတစ်တန်ကို အနည်းဆုံး ၄သောင်းဈေးနဲ့အထက်ဝယ်ဖို့ရှိတယ် "ဟု အဆိုပါအသင်းဒုဥက္ကဋ္ဌဦးဝင်းဌေးကပြောသည် ။

၂၀၁၉-၂၀ခုနှစ်တွင် ကြံစိုက်ဧက ၄၅၀၀၀၀ကျော်စိုက်ပျိုးခဲ့ကာ သကြားတန်ပေါင်း ၄သိန်းခွဲကျော်ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ကြံရာသီတွင် ကြံစိုက်ဧက ၄၀၀၀၀၀ခန့်စိုက်ပျိုးစိုက်ပျိုးနိုင်ရန် ခန့်မှန်းထားကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင်တရုတ်နိုင်ငံသို့သကြားများတင်ပို့ရန် Re Exportသကြား Permitများခွင့်ပြုပေးခဲ့ပြီးနောက် မြဝတီလမ်းကြောင်းမှတဆင့် မှောင်ခိုသကြားများတင်သွင်းလာခြင်းတို့ကြောင့် သကြားဈေးကွက်ပျက်လုနီးပါး အခြေအနေသို့ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၄-၁၅ခုနှစ်တွင် ကြံစိုက်ဧက ၄၄၀၀၀၀ကျော်စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၄၅၀၀၀၀ကျော်၊ ၂၀၁၅-၁၆ခုနှစ်တွင် ၃၉၀၀၀၀ဧကကျော်စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၃၉၀၀၀၀ကျော်၊ ၂၀၁၆-၁၇ခုနှစ်တွင် ၄၀၀၀၀၀ ဧကကျော်စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၃၇၀၀၀၀ကျော်၊ ၂၀၁၇-၁၈ခုနှစ်တွင် ၄၀၀၀၀၀ ဧကကျော် စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၅ သိန်းကျော်၊ ၂၀၁၈-၁၉ခုနှစ်တွင် ကြံစိုက်ဧက ၄၄၀၀၀၀ကျော်စိုက်ပျိုးခဲ့ကာ သကြားတန်ပေါင်း ၅သိန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီး၊ ၂၀၁၉-၂၀ခုနှစ်တွင် ကြံစိုက်ဧက ၄၅၀၀၀၀ကျော်စိုက်ပျိုးခဲ့ကာ သကြားတန်ပေါင်း ၄ သိန်းခွဲကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/53316

## ကမ္ဘာ့အဆင့်မီလုပ်ငန်းများဖြစ်လာရန် အလားအလာရှိသောလုပ်ငန်းများကို အစိုးရမှ "Scale-up SG" အစီအစဉ်ဖြင့် တိုးမြှင့်ထောက်ပံ့

ကမ္ဘာ့အဆင့်မီ စီးပွားရေးလုပ်ငန်းများဖြစ်လာရန် ကြိုးစားဆောင်ရွက်နေကြပြီး အလားအလာကောင်းများရှိသောပြည်တွင်းလုပ်ငန်းများကို အစိုးရမှ "Scale-up SG Programme" အစီအစဉ်ဖြင့် ၂၀၁၉ ခုနှစ်မှစ၍ ပံ့ပိုးပေးလျက်ရှိရာ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအထိ တစ်နှစ်တာကာလအတွင်း လုပ်ငန်းများက ဤအစီအစဉ်တွင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကုန်ကျမည့်စရိတ်များ၏ ၈၀ ရာခိုင်နှုန်းအထိကို တိုးမြှင့်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဤအစီအစဉ်တွင် ပါဝင်သောလုပ်ငန်းများကို ယခင်က ၇၀ ရာခိုင်နှုန်းအထိ ထောက်ပံ့ပေးခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ဤအစီအစဉ်တွင် အဆင့်(၃)ဆင့်ပါဝင်ပြီး အချိန်ကာလအားဖြင့် (၂)နှစ်ခွဲကြာမြင့်ကြောင်း၊ လုပ်ငန်းများသည် ဤအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၏မိတ်ဖက် အဖွဲ့အစည်းများဖြစ်ကြသော McKinsey & Company နှင့် PwC Singapore တို့နှင့် ပူးပေါင်းဆောင်ရွက်၍ နည်းဗျူဟာများချမှတ်ခြင်း၊ လုပ်ငန်းစီမံကိန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ လေ့လာနိုင်မည်ဖြစ်ကြောင်း၊ ဤအစီအစဉ်စတင်ခဲ့သော ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် လုပ်ငန်း ၂၅ ခုပါဝင်ခဲ့ပြီး၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ဒုတိယအသုတ်တွင် လုပ်ငန်း ၁၈ ခု

ပါဝင်ခဲ့ကြောင်း၊ လာမည့် (၂) နှစ်တာကာလအတွင်း လုပ်ငန်း ၅၀ ခုကို ဆက်လက်ပံ့ပိုးပေးသွားရန် ရည်ရွယ်ထားကြောင်း၊ အလားအလာရှိသောလုပ်ငန်းများက အလုပ်အကိုင်များကို ဖန်တီးပေးလျက်ရှိသည့်အတွက် ယခုကဲ့သို့ အခက်အခဲကြုံတွေ့နေရသည့်ကာလများတွင် ယင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးပေးမှုများကို လျှော့ချဆောင်ရွက်သွားမည် မဟုတ်ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး Mr Chan Chun Sing က ပြောကြားခဲ့ပါသည်။

**Source:** Channel News Asia

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ**

## အီးယူနှင့်တရုတ် သမိုင်းဝင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သဘောတူညီမှုရရှိ

ဥရောပ၏ ပထဝီဒေသအညွှန်း (Geographical Indications-GIs) ထုတ်ကုန်များအား တရုတ်နိုင်ငံတွင် အကာအကွယ်ပေးရေးနှင့် အပြန်အလှန်မှုအားဖြင့် ဥရောပစီးပွားရေးဒေသ၌ တရုတ်နိုင်ငံ၏ထွက်ကုန်များအား အသိအမှတ်ပြု အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ အီးယူနှင့်တရုတ်နိုင်ငံတို့အကြား ကူးသန်းရောင်းဝယ်ရေးဆိုင်ရာသဘောတူညီမှု ရရှိခဲ့ကြကြောင်းသိရသည်။ ၁၄-၉-၂၀၂၀ ရက်နေ့တွင် အီးယူဘက်မှ ဥရောပကောင်စီဥက္ကဋ္ဌ Charles Michel၊ ဥရောပကော်မရှင် ဥက္ကဋ္ဌ Ursula von der Leyen နှင့် ဂျာမနီနိုင်ငံ အကြီးအကဲဖြစ်သူ Angela Merkel တို့ ဦးဆောင် တက်ရောက်ခဲ့ပြီး၊ တရုတ်နိုင်ငံဘက်မှ သမ္မတ ရှီကျင်းဖျင် တက်ရောက်ခဲ့သည့် virtual summit တွင် ယင်းသဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။

သဘောတူညီချက်အရ အီးယူ၏ GIs ထုတ်ကုန်ပစ္စည်း (၁၀၀) နှင့် တရုတ်နိုင်ငံ၏ GIs ထွက်ကုန် (၁၀၀) တို့ကို အပြန်အလှန်အကာအကွယ်ပေးကြမည်ဖြစ်သည်။ အဆိုပါသဘောတူညီချက်အတွက် ညှိနှိုင်းဆွေးနွေးမှုများကို ၂၀၀၆ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး၊ ၁၄ နှစ်ကြာပြီး နောက်သမိုင်းဝင်သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးပြီးပါက ၂၀၂၁ ခုနှစ်၏ အစောပိုင်းကာလတွင် သဘောတူညီချက် စတင်အသက်ဝင်ရန် မျှော်လင့်ထားပြီး၊ နောက်ထပ် (၄) နှစ်အကြာတွင် နှစ်ဘက်စလုံးမှ GIs ထုတ်ကုန် (၁၇၅) မျိုးကို ထပ်မံတိုးချဲ့ထည့်သွင်းသွားမည်ဖြစ်သည်။

၂၀၁၉ ခုနှစ်၊ ဥရောပကော်မရှင်၏ စာရင်းဇယားများအရ တရုတ်နိုင်ငံသည် အီးယူ၏လယ်ယာထွက်ကုန်များတင်ပို့သည့် တတိယအကြီးဆုံးဈေးကွက်ဖြစ်ပြီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံ ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မေလအထိကာလတွင် အီးယူမှ တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချမှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၃၈ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် အီးယူ၏ GIs အကာအကွယ်ပြုထားသည့် ထုတ်ကုန်များ တင်ပို့သည့် ဒုတိယမြောက်ဈေးကွက်လည်းဖြစ်ပြီး ဝိုင်များ၊ လယ်ယာထွက်စားသောက်ကုန်များနှင့်အရက်များအပါဝင် တင်ပို့မှု တန်ဖိုး၏ ၉ ရာခိုင်နှုန်းခန့်ရှိကြောင်းသိရသည်။ ယခုသဘောတူညီချက်ကြောင့် ဥရောပ၏စားသုံးသူများအနေဖြင့်လည်း တရုတ်နိုင်ငံ၏ အထူးပြုထုတ်လုပ်သည့် စားသောက်ကုန်အစစ်အမှန်များကို စားသုံးနိုင်ကြမည်ဖြစ်သည်။ အီးယူသည် ထုတ်ကုန်အမည်ပေါင်း ၃၃၀၀ ကျော်ကို ပထဝီဒေသအညွှန်းထုတ်ကုန်အဖြစ် မှတ်ပုံတင်ထားပြီး၊ non-EU GIs အရေအတွက် ၁၅၀၀ ဝန်းကျင်ကိုလည်း နှစ်နိုင်ငံသဘော တူညီချက်များမှတစ်ဆင့် အီးယူအတွင်း အကာအကွယ်ပေးထားကြောင်းသိရသည်။

**Source:** ဥရောပကော်မရှင်နှင့် https://www.telesurenglish.net

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## အိန္ဒိယနိုင်ငံ၌ အခွန်ကောက်ခံမှုဆိုင်ရာ နစ်နာမှုထောက်ပံ့ကြေးများ ပေးအပ်ရေးကိစ္စ အကြပ်အတည်းဖြစ်ပေါ်လျက်ရှိခြင်း

အိန္ဒိယနိုင်ငံတွင် ၂၀၁၇ ခုနှစ်မှ စတင်ကျင့်သုံးခဲ့သော ကုန်စည်နှင့်ဝန်ဆောင်မှု (Goods and Services Tax – GST) ဥပဒေအရ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့များ အနေ ဖြင့် သွယ်ဝိုက်အခွန်များအား ကောက်ခံပိုင်ခွင့်မရှိတော့ပဲ အခွန်ငွေလျော့နည်းဆုံးရှုံးရမှုအတွက် ဗဟိုအစိုးရမှ ပြည်နယ်များသို့ GST နစ်နာမှုထောက်ပံ့ကြေးများအား ၅ နှစ်တာကာလအထိ

ပေးအပ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ယခုဘဏ္ဍာနှစ်၌ အဖျော်ယမကာ၊ စီးကရက်၊ ဆေးရွက်ကြီးစသည့် အကျိုးမဲ့ကုန်စည် များနှင့် မော်တော်ယာဉ်ကဲ့သို့သော တန်ဖိုးကြီးဇိမ်ခံပစ္စည်းများအပေါ် ကောက်ခံလျက်ရှိသည့် ထပ်ဆောင်းအခွန် (Compensation Cess) များမှာ လျော့နည်း၍ရရှိဖွယ်ရှိပြီး ၎င်းရန်ပုံငွေမှ GST နစ်နာမှုထောက်ပံ့ကြေးများကို သတ်မှတ်ထားသည့်ပမာဏအတိုင်း ခွဲဝေပေးနိုင်မှုမရှိသည့်အပေါ် ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဗဟိုနှင့် ပြည်နယ် အစိုးရများအကြား သဘောထားကွဲလွဲမှုဖြစ်ပေါ်လျက်ရှိပါသည်။

ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများမှ ဘဏ္ဍာရေးဝန်ကြီးများ ပါဝင်ဖွဲ့စည်းထားသည့် ကုန်စည်နှင့်ဝန်ဆောင်မှု အခွန်ဆိုင်ရာ GST ကောင်စီ၏ ၄၁ ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ်လ ၂၇ ရက်နေ့ ၌ကျင်းပခဲ့ရာ လက်ရှိ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွင်း ထပ်ဆောင်းအခွန်များ လျော့နည်းကောက်ခံရရှိမည့်အခြေအနေနှင့် GST နစ်နာမှုထောက်ပံ့ကြေးများအား သတ်မှတ် ချက်အတိုင်း ခွဲဝေပေးနိုင်မှု မရှိသည့်အပေါ် ချေးငွေရယူဖြေရှင်းမည့်နည်းလမ်းများကို အိန္ဒိယဘဏ္ဍာရေးဝန်ကြီး Ms. Nirmala Sitharaman က ရှင်းလင်းချပြခဲ့ပါသည်။

အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ GST နစ်နာမှုထောက်ပံ့ကြေးများ ခွဲဝေပေးနိုင်ရန်အတွက် အဖျော်ယမကာ၊ စီးကရက်၊ ဆေးရွက်ကြီးစသည့် အကျိုးမဲ့ကုန်စည်များနှင့် မော်တော်ယာဉ်ကဲ့သို့ တန်ဖိုးကြီးဇိမ်ခံပစ္စည်းများ အပေါ်ကောက်ခံလျက်ရှိသည့် ထပ်ဆောင်းအခွန် (compensation cess) မှာ ယခုဘဏ္ဍာနှစ်၌ ရူပီး ၆၅၀ ဘီလီယံ ခန့်သာ ရရှိနိုင်ဖွယ်ရှိပြီး ပြည်နယ်များသို့ အမှန်ပေးအပ်ရမည့် နစ်နာမှုထောက်ပံ့ကြေးပမာဏမှာ ရူပီးငွေ ဘီလီယံ ၃၀၀၀ (ဒေါ်လာ ၄၁ ဘီလီယံခန့်) ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ကွာဟချက် ရူပီး ၂၃၅၀ ဘီလီယံ လိုအပ်လျက်ရှိကြောင်း၊ ၎င်းကွာဟချက်အနက် GST အခွန်ကောက်ခံမှုစနစ်အရ လိုအပ်မည့်ပမာဏမှာ ရူပီး ငွေ ၉၇၀ ဘီလီယံရှိပြီး ကျန်ရှိသည့် ၁၃၈၀ ဘီလီယံသည် Covid-19 ကပ်ရောဂါအား တားဆီးထိန်းချုပ်ရန် အသွားအလာတားမြစ်ကန့်သတ်မှုကြောင့် ကောက်ခံနိုင်ခြင်းမရှိသည့် ပမာဏဖြစ် ကြောင်း၊ သို့ဖြစ်ရာ ပြည်နယ်အစိုးရများအနေဖြင့် ကွာဟသည့် GST နစ်နာမှု ထောက်ပံ့ကြေးများ အတွက် ငွေချေးယူသုံးစွဲရန် နည်းလမ်း ၂ ခုကို ရွေးချယ်နိုင်ကြောင်း၊ ပထမနည်းလမ်းသည် ရူပီးငွေ ၉၇၀ ဘီလီယံအား ဗဟိုဘဏ် (RBI) ထံမှ ချေးယူခြင်းဖြစ်ပြီး ကွာဟငွေရူပီး ၂၃၅၀ ဘီလီယံကို အပြည့်အဝရရှိသုံးစွဲလိုပါက ပြည်နယ်အစိုးရများအနေဖြင့် ဒုတိယ နည်းလမ်းအဖြစ် ပြင်ပဈေးကွက်မှ မိမိအစီအစဉ်ဖြင့် ချေးယူရန်ဖြစ်ကြောင်းနှင့် မည်သည့်နည်းလမ်းအား ရွေးချယ် မည်ကို ပြည်နယ်များမှ ၇ ရက်အတွင်း အကြောင်းပြန်ကြားရန် Ms. Nirmala Sitharaman က အဆိုပါအစည်းအဝေး၌ ပြောကြား ခဲ့သည်။

ထပ်ဆောင်းအခွန်များအား လျော့နည်း၍ရရှိမည့် အခြေအနေရှိပါက GST နစ်နာမှု ထောက်ပံ့ကြေးများအတွက် လိုအပ်မည့်ငွေကို ပြည်ထောင်စု ဗဟိုရန်ပုံငွေမှ ထုတ်နှုတ်သုံးစွဲရန် ပြည်နယ်အချို့၏ အဆိုပြုချက်အပေါ် ပြည်ထောင်စု ရှေ့နေချုပ်က အခြေခံဥပဒေနှင့် ကိုက်ညီမှု မရှိသဖြင့် ထိုသို့သုံးစွဲမှု မပြုနိုင်ကြောင်း သဘောထားမှတ်ချက်ပြုခဲ့သည်။

ပြည်နယ်များအနေဖြင့် ဗဟိုဘဏ် (RBI) ထံမှ ရူပီးငွေ ၉၇၀ ဘီလီယံအားချေးယူပါက အရင်းနှင့်အတိုးငွေကို ဗဟိုအစိုးရက တာဝန်ယူမည်ဖြစ်ကြောင်း၊ မလွှဲရှောင်သာသောအကြောင်း (Act of God) တစ်ရပ်ဖြစ်သည့် Covid-19 ကပ်ရောဂါကြောင့် ထပ်ဆောင်းအခွန်ငွေ ရူပီး ၁၃၈၀ ဘီလီယံ လျော့ပါးမှုအပေါ် ဗဟိုအစိုးရအနေဖြင့် တစ်စုံတစ်ရာ ဆောင်ရွက်မှု မပြုနိုင်ကြောင်း၊ GST နစ်နာမှုထောက်ပံ့ကြေးအတွက် ရူပီး ၂၃၅၀ ဘီလီယံကွာဟချက်ကို ပြင်ပဈေးကွက်မှ မိမိအစီအစဉ်ဖြင့် ချေးယူပါက ဗဟိုအစိုးရက အရင်းငွေကိုသာ တာဝန်ယူပေးဆပ်မည်ဖြစ်ကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီး Ms. Nirmala Sitharaman က ပြောကြားထားသည်။

ထိုသို့ မိမိတို့အစီအစဉ်ဖြင့် ငွေချေးယူရန် နည်းလမ်းများချမှတ်မှုအပေါ် ကွာဟငွေရူပီး ၂၃၅၀ ဘီလီယံအတွက် အရင်းနှင့်အတိုး အားလုံးကိုတာဝန်ယူလျက် ဗဟိုအစိုးရ၏အစီအစဉ်ဖြင့်ချေးယူ၍ ခွဲဝေပေးရန် ပြည်နယ်အချို့က တောင်းဆို လျက်ရှိပြီး လက်ရှိအာဏာရ BJP ပါတီနှင့် ၎င်း၏မဟာမိတ်ပါတီများက အုပ်ချုပ်လျက်ရှိသည့် ပြည်နယ်အစိုးရအချို့ကမူ အထက်ပါ နည်း လမ်းနှစ်သွယ်မှ သင့်လျော်ရာတစ်ခုကိုရွေးချယ်ရန် လိုလားလျက်ရှိကြသည်။

ဗဟိုအစိုးရသည် ကတိကဝတ်ရှိသည်နှင့်အညီ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွင်း GST နစ်နာမှု ထောက်ပံ့ကြေး လိုငွေ ရူပီး ၂၃၅၀ ဘီလီယံအား ပြည်နယ်များက ရရှိစေရန်တာဝန်ယူကြောင်း၊ သို့ရာတွင် အဆိုပါနစ်နာကြေးများ ခွဲဝေပေးရန်အတွက်

ကောက်ခံသော ထပ်ဆောင်းအခွန်ငွေများသည် ဗဟိုအစိုးရက စီမံခန့်ခွဲမှုပြုနိုင်သည့် ငွေကြေးအရင်းအမြစ်မဟုတ်ပဲ ပြည်နယ်များနှင့်သာ သက်ဆိုင်မှုရှိကြောင်း၊ နောင်အနာဂတ်တွင် ကောက်ခံရရှိမည့် ထပ်ဆောင်းအခွန်ငွေများအပေါ်အမှီပြု၍ ပြင်ပမှ ငွေချေးယူခြင်းကို ပြည်နယ်/ပြည်ထောင်စုနယ်မြေများကသာ လုပ်ဆောင်နိုင်ကြောင်း၊ ပြည်နယ်အစိုးရများ၏ ငွေကြေးစီမံခန့်ခွဲပိုင်ခွင့်နှင့် ပတ်သက်၍ ငွေချေးယူ နိုင်မှု ပမာဏကန့်သတ်ချက်ကိုလည်း ပြည်နယ်အတွင်း စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး (GSDP) ၏ ၃% ခွင့်ပြုထားရာမှ မကြာသေးမီကပင် ၅% အထိ တိုးမြှင့်ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ လက်ရှိကာလ၌ ပြည်နယ်များ၏ ပျမ်းမျှငွေချေးယူမှုပမာဏသည့် ၁.၂၅% မျှသာရှိနေသေးကြောင်း၊ ဗဟိုအစိုးရအနေဖြင့် ၎င်းစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငွေကြေးအရင်းအမြစ်အတွက်ကိုသာ ပြည်ထောင်စု ရန်ပုံငွေမှ ချေးယူသုံးစွဲမှုပြုနိုင်ကြောင်း၊ ပြည်နယ်များအနေဖြင့် ရူပီးငွေ ၉၇၀ ဘီလီယံချေးယူမည့် ပထမနည်းလမ်းကိုရွေးချယ်ပါက ကျန်ရှိသည့်နစ်နာမှုထောက်ပံ့ကြေးများအား စွန့်လွှတ်လိုက်ရမည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း၊ ချေးငွေများအားလုံးကို အပြေအကြေပေးဆပ်ပြီးပါက ၎င်းနစ်နာကြေး ကျန်ငွေများကို ရရှိနိုင်ဦးမည်ဖြစ်ကြောင်းစသည်ဖြင့် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာရှိအချို့၏ပြောကြားချက်အား Hindustan Times သတင်းဌာနက ဖော်ပြပါသည်။

အတိုက်အခံပါတီများက အုပ်ချုပ်လျက်ရှိသည့် ပြည်နယ်/ပြည်ထောင်စုနယ်မြေများမှ ဘဏ္ဍာရေးဝန်ကြီးအချို့က ဗဟိုအစိုးရသည် ကတိပြုထားရှိမှုနှင့်အညီ GST နစ်နာကြေးများ ပေးအပ်ရန်ကိစ္စအပေါ် အလုံးစုံတာဝန်ယူသင့်ကြောင်းပြောဆိုကြပြီး ဒေလီနှင့်ပွန်ဒီချယ်ရီကဲ့သို့သော ပြည်ထောင်စုနယ်မြေ အစိုးရများက ၎င်းတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ငွေချေးယူခြင်းများအား ဗဟိုအစိုးရလက်အောက်ရှိ ပြည်ထဲရေးဝန်ကြီးဌာနမှ တစ်ဆင့်သာ ဆောင်ရွက်နိုင်သည်ဖြစ်ရာ အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန၏ နည်းလမ်းများမှာ သဘာဝမကျကြောင်းဖြင့် ကန့်ကွက်ပြောဆိုလျက်ရှိကြသည်။

အိန္ဒိယကုန်စည်နှင့်ဝန်ဆောင်မှုအခွန်ဆိုင်ရာ GST ကောင်စီသည် ထီလက်မှတ်များအပေါ် ကောက်ခံသည့် အခွန်နှုန်းထားကိစ္စရပ်မှအပ ကျန်ငွေကြေးကိစ္စရပ်များနှင့် ပတ်သက်၍ အများသဘောတူညီမှုအပေါ်အခြေခံ၍ ဆုံးဖြတ်ချက်များ ချမှတ်လေ့ရှိသော်လည်း ယခု ဘဏ္ဍာနှစ်၌ ပေးအပ်ရမည့် GST နစ်နာမှုကြေးကိစ္စမှာ မဲခွဲဆုံးဖြတ်ရမည့် အနေအထားရှိကြောင်း အိန္ဒိယသတင်းဌာနများက ဖော်ပြပါသည်။

အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူလျက် ဗဟိုအစိုးရမှ ၂ နေရာ၊ ပြည်နယ် ၂၈ ခုနှင့် ပြည်ထောင်စုနယ်မြေ ၃ ခုတို့မှ ၃၁ နေရာ၊ စုစုပေါင်းအဖွဲ့ဝင် ၃၃ ဦးပါဝင်သော GST ကောင်စီ၌ ကိစ္စတစ်ရပ်အပေါ် မဲခွဲ၍ဆုံးဖြတ်ပါက အဖွဲ့ဝင်များ၏ ၇၅% က ထောက်ခံမှသာ အတည်ပြုနိုင်ပြီး မဲပေးပိုင်ခွင့်တွင် ဗဟိုအစိုးရက သုံးပုံတစ်ပုံကို ရရှိထားသည်။ သို့ဖြစ်ရာ ဗဟို အစိုးရအနေဖြင့် GST နစ်နာမှုထောက်ပံ့ကြေးကိစ္စနှင့်ပတ်သက်၍ ချပြထားသည့် နည်းလမ်းများ အတိုင်း GST ကောင်စီ၌ အတည်ပြုဆောင်ရွက်စေနိုင်ရန်မှာ ပြည်နယ် ၁၉ ခု၏ ထောက်ခံမဲရရှိရန် လိုအပ်လျက်ရှိသည်။ လက်ရှိကာလတွင် ပြည်နယ်/ပြည်ထောင်စုနယ်မြေ ၁၆ ခု၌ BJP ပါတီဦးဆောင်သည့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDA) က အာဏာရရှိထားပြီး ဂျမူးနှင့် ကက်ရှ်မီးယား ဒေသမှာ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်၌တည်ရှိသည်။

ဗဟိုအစိုးရ၏ GST နစ်နာမှုထောက်ပံ့ကြေးဆိုင်ရာဖြေရှင်းရေး နည်းလမ်းနှစ်သွယ်အား ပြည်နယ်/ပြည်ထောင်စုနယ်မြေ ၁၀ ခုက ကန့်ကွက်ကြောင်း ဆန္ဒဖော်ထုတ်ပြောကြားခဲ့ပြီး၊ အခြားသော ပြည်နယ် ၁၂ ခုက ပထမနည်းလမ်းအရ ရူပီးငွေ ၉၇၀ ဘီလီယံကို ဗဟိုဘဏ်ထံမှ ချေးယူရန်ဆန္ဒပြုကြကြောင်း၊ မဏိပူပြည်နယ်ကမူ ဒုတိယနည်းလမ်းကို ရွေးချယ်ထားကြောင်း Hindustan Times သတင်းဌာနက ဖော်ပြပါသည်။ အိန္ဒိယ GST ကောင်စီ၏ ၄၂ ကြိမ်မြောက် အစည်းအဝေးကို ၅.၁၀.၂၀၂၀ နေ့တွင် ထပ်မံကျင်းပရန် စီစဉ်ထားရှိကြောင်းသိရှိရပါသည်။

Source: 1. In a bid to bridge compensation cess shortfall, Centre will try and get states to borrow, 8 Sept 2020, Economic Times

2. Centre committed to pay full GST compensation to states, but states must borrow, 8 Sept 2020, Hindustan Times

3. Vote on GST compensation inevitable if govt sticks to 2 options, 8 Sept 2020, Business Standard

4. GST voting ignores majority, 9 Sept 2020, Telegraph India

5. Twelve of 13 members of GST Council preferred the Rs 97,000 crore borrowing option, 14 Sept 2020, Hindustan Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## STOCK EXCHANGE (18.9.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 18th Sep. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,800 | -100 | -1.01% | 9,900 | 9,900 | 9,800 | 249 | 2,455,100 | 27,112,747 | 265,705 |
| MTSH | 00002 | 3,650 | -50 | -1.35% | 3,700 | 3,700 | 3,650 | 664 | 2,449,800 | 38,929,150 | 142,091 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 21,500 | -1,000 | -4.44% | 22,000 | 22,000 | 21,500 | 418 | 9,119,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 52 | 140,400 | 12,823,224 | 34,623 |
| EFR | 00006 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 116 | 353,800 | 19,977,223 | 60,931 |

Home > Market Data > Market summary

### Market summary

As of 18th Sep. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 429.92 | -4.79 | -1.10% | 433.88 | 433.88 | 429.92 | 1,499 | 14,518,100 | 6 | 639,707 |

**Index chart**




## Market Overview

As of 1:00 pm, 18th Sep. 2020

| MYANPIX | 429.92 ▼ 4.79 |
|---|---|
| Total Volume (shares) | 1,499 |
| Total Value (MMK) | 15 mil |
| Listed Company | 6 |
| Market Cap. (MMK) | 639,707 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,800 | ▼ 100 |
| MTSH | 00002 | 3,650 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 21,500 | ▼ 1,000 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,050 | ▲ 0 |

TIR